# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး

# ၁၄ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၃ - ၃ - ၂၀၁၂ ]

# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၄ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **တီးတိန်မြို့နယ် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ / မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ပုဂ္ဂလိက ဆေးရုံများတွင် ကွယ်လွန်သည့် လူနာများအား ရင်ခွဲစစ်ဆေးခြင်းပြုရန် ညွှန်ကြား ထားမှု** ရှိ / မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဌေးဝင်း(ခ)ဦးဇာယာဒ်ရော်မံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **မောင်တောမြို့နယ်အတွင်း ငါးဖမ်းလုပ်ကွက်လေလံရရှိထားသည့် ပုဂ္ဂလိက ငွေကြေးရှင်က ဒေသခံ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများထံမှ မတန်တဆ ငွေကြေးကောက်ခံနေခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ဘွဲ့ရ ကျောင်းသူကျောင်းသားများအား သမဝါယမလုပ်ငန်းများတွင် လုပ်ကိုင်ခွင့်ပေးရန်** အစီအစဉ် ရှိ / မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အတွက် သီးခြားဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန်** အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဌေးဝင်း(ခ)ဦးဇာယာဒ်ရော်မံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် နေထိုင်လျက်ရှိသော နိုင်ငံသားများသည် လူမှုရေး၊ ခရီးသွားလာရေး၊ စီးပွားရေးနှင့် ကျန်းမာရေး ကိစ္စများတွင် ဒုက္ခမျိုးစုံနှင့် ကြုံတွေ့နေရသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (၂၀၀၈) ခုနှစ် အခြေခံမူဘောင်အတွင်း အုပ်ချုပ်မှု ခံယူနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးရန်** နှင့် **မောင်တောမြို့နယ်၊ ငါးခူးရကျေးရွာရှိ ငါး ၊ ပုဇွန်ကန်သို့ ဆားငန်ရေသွင်းခြင်းအတွက် အနီးအနားရှိ လယ်မြေဧက (၂၅၀) ခန့် ပျက်စီးဆုံးရှုံးနေရခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ယာဉ်မတော်တဆ တိုက်မှုနှင့်ကြုံတွေ့သည့်အခါ ကူညီသူများကို အမှုမပတ်နိုင်အောင် ဥပဒေ အသစ်တစ်ရပ် ပြဋ္ဌာန်းရန်** အစီအစဉ် ရှိ / မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **နိုင်ငံကူး လက်မှတ်များကို လျင်မြန်လွယ်ကူစွာ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စျ ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ပြည်ပမှ တရားဝင် ရောက်ရှိလာကြသည့် NGO ၊ INGO အစိုးရမဟုတ်သော အဖွဲ့အစည်း များ၏ နိုင်ငံရေး ၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာတို့တွင် ဆောင်ရွက်နေမှုများ နှင့် ထိုအဖွဲ့အစည်းများအား မည်သို့ ကြီးကြပ်ကူညီ စောင့်ရှောက်နေမှုများ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော နိုင်ငံခြား သုံးငွေဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **အရည်အချင်း ပြည့်ဝသော ရှေ့နေများပေါ်ထွန်းလာရေးအတွက် အစီအမံများ ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း -

(က) ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

( ခ ) ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

( ဂ ) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

၉။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် အသက်အန္တရာယ်အများအပြား ဆုံးရှုံးသည်အထိ ယာဉ်မတော်တဆမှုများ ဖြစ်ပွားနေပါ၍ အရေးပေါ်ကယ်ဆယ်ရေး ယူနစ်များ စီမံထားရှိပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း-

(က) ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

( ခ ) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( ဂ ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၄ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၁၅ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။